**သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)**

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့**

**ထုတ်ပြန်ကြေညာချက်**

၂၀၂၀ခုနှစ်၊ဇွန်လ (၂၆)ရက်

၁။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုသည့် အဖွဲ့အစည်း၏ ပေါ်လစီအရ သော်လည်းကောင်း၊ ယနေ့ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ်သော်လည်းကောင်း၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အခမ်းအနားများကို ဗဟိုဌာနချုပ် လွယ်တိုင်းလျဲန်းနှင့် မိမိတို့ အုပ်ချုပ်ရေးနယ်မြေများတွင် ကျင်းပပြီး အချို့သောအုပ်ချုပ်ရေးနယ်မြေများတွင် ၂၀၁၉-၂၀၂၀ခုနှစ် အတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားများလည်း ပြုလုပ်ခဲ့ သည်။

၂။ မူးယစ်ဆေးဝါးတိုက်ဖျက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးခြင်းလုပ်ငန်းများကို RCSSမှ အောက်ပါ အတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) ဘိန်းမဲ (၄၇.၁၁၇) ကီလိုဂရမ်၊ ဘိန်းဖြူ (၃၀.၁၃)ကီလိုဂရမ်၊ စိတ်ကြွဆေးပြား (၆၈၂,၄၆၁) ပြား၊ မူးယစ်ဆေးဝါးသယ်ဆောင်သူ(၂၉၃) ဦးတို့အား ဖမ်းဆီးရမိခြင်း။

(ခ) မူးယစ်ဆေးဝါးသုံးစွဲသူများ ဖြစ်ကြသည့် ကျား (၁,၈၀၄)ဦး၊ မ (၁၂၅)ဦး၊ စုစုပေါင်း (၁,၉၂၉) ဦး အား ပြည်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း။

(ဂ) RCSS တပ်ဖွဲ့ဝင်များနှင့် ဒေသခံ ပြည်လူထုများ ဖြစ်ကြသည့် ကျား(၁၇,၂၈၁)ဦး၊ မ (၈,၃၄၅)ဦး၊ စုစုပေါင်း (၂၅,၆၃၆)ဦးတို့အား မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း။

၃။ အစိုးရနှင့် ချုပ်ဆိုထားသည့် မူးယစ်ဆေးဝါးပူးပေါင်း တိုက်ဖျက်ရေး သဘောတူညီချက်အတိုင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး RCSSအနေဖြင့် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နှစ်ဦးနှစ်ဖက်ပူး

ပေါင်းတိုက်ဖျက်ရေးကို ရည်ရွယ်၍ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးသယ်ဆောင်သူများ၊ ဆက်စပ်ပစ္စည်းများအား အစိုးရနှင့် တပ်မတော်ထံ အောက်ပါအတိုင်း လွှဲအပ်ခြင်းများပြုလုပ်ခဲ့ပါသည်။

(က) စိတ်ကြွဆေးပြား (၇၈,၁၄၉)ပြား၊ ဘိန်းဖြူ (၁၀.၆၁) ကီလိုဂရမ်။

(ခ) မူးယစ်ဆေးဝါးသယ်ဆောင်သူ (၉)ဦး။

(က) မော်တော်ယာဥ်ငယ် (၁)စီး၊ မော်တော်ဆိုင်ကယ် (၁)စီး၊ လက်ကိုင်ဖုန်း(၁)လုံး၊ ငွေကြေးကျပ်(၁.၇)သိန်း။

၄။ မူးယစ်ဆေးဝါးသည် ပြည်ထောင်စုမြန်မာနိုင်ငံ လူ့အသိုင်းအဝန်းနှင့် ကမ္ဘာ့လူ့အသိုင်းအဝန်း တစ်ဝှမ်းလုံး တို့အတွက် ကြီးမားသော ဘေးအန္တရာယ် ဖြစ်သောကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် RCSSသည် အဖွဲ့အစည်းများအားလုံးနှင့် လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်-

၁။ ဒုတိယ ဗိုလ်မှူးကြီး အုမ်ခေး (+၉၅ ၉၄၅ ၈၀၄ ၃၁၃၁)

၂။ ဗိုလ်မှူး ခမ်းစံ (+၆၆ ၆၅၃ ၇၆၇ ၁၅၇)